# Burmese / မြန်မာ

## သင့် ခံစားခွင့်များ - ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ်သုံးရာ၌သိသင့်သည့်အချက်များ

### ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ် မှတ်ပုံတင်အာဏာပိုင်အဖွဲ့ရုံး ဆိုတာဘာလဲ?

ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာလုပ်ငန်းကိုယ်စားလှယ် မှတ်ပုံတင်အာဏာပိုင်အဖွဲ့ရုံး (အဖွဲ့ရုံး) ဆိုသည်မှာ သင့်လျော်ပြီး ဖြစ်သင့်ဖြစ်ထိုက်သူများသာ မှတ်ပုံတင် ထားသော ပြောင်း ရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ်များအဖြစ် ခွင့်ပြုပြီး ထိုကိုယ်စား လှယ် များအပေါ် တိုင်တန်းချက်များကို စုံစမ်းစစ် ဆေးသည့် စည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။ ၎င်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေး ဌာန နှင့်တွဲဖက်ထားသော နှုတ်လုံပြီး သိုသိပ်မှုရှိသည့်ရုံး ဖြစ်ပါသည်။

### ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ် ရွေးချယ်ခြင်း

- မှတ်ပုံတင်ထားသော ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်း ကိုယ်စားလှယ်များ အားလုံးသည် မိမိတို့ တစ်ဦးချင်းစီအတွက် မှတ်ပုံတင်ထားသော ပြောင်းရွှေ့အခြေ ချခြင်းဆိုင်ရာလုပ်ငန်းကိုယ်စားလှယ် သီးသန့်နံပတ် (MARN) များ ရှိကြသည်။
- လူတစ်ယောက်သည် မှတ်ပုံတင်ထားခြင်း ရှိမရှိသိရန် အဖွဲ့ရုံး ၏ဝက်ဘ်ဆိုက်တွင် သူ၏ MARN နံပတ်ကို ရှာကြည့်ခြင်းဖြင့် သိနိုင်သည်။
- ဥပဒေအကျိုးဆောင်များနှင့် ပညာပေးရေးကိုယ်စားလှယ်များသည် ဩစတြေးလျားနိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာအကူအညီ မပေးမီ မှတ်ပုံတင်ခြင်းပြုရန် လိုအပ်ပါသည်။
- ***မည်သူမဆို၊ မှတ်ပုံတင်ထားသော ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ် ဖြစ်နေစေကာမူ - သင်ဗီဇာရလိမ့်မည်ဟု အာမခံချက် မပေးနိုင်ပါ။***
- ချွင်းချက်ပြုထားသူများမှအပ မည်သူမဆို အဖွဲ့ရုံးတွင် မှတ်ပုံတင်မထားလျှင် ဩစတြေးလျားနိုင်ငံ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကြံဉာဏ်များပေးခြင်းသည် တရားဥပဒေနှင့်ဆန့်ကျင်ပါသည်။ ချွင်းချက်ပြုထားသူများ၏စာရင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဌာန၏ ပုံစံအမှတ် ၉၅၆ တွင်တွေ့နိုင်ပါသည်။

### ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ် အသုံးပြုရာတွင် သိသင့်သော အကြံပြုချက်များ

သင့် ကိုယ်စားလှယ်သည် မဖြစ်မနေ -

- သင့်အား ဝန်ဆောင်မှုပေးရန် သဘောတူပြီးသည်နှင့် တစ်ပြိုင်နက် ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာအကြံပေးသည့် အသုံးပြုသူအမှုသည်များလမ်းညွှန် မိတ္တူတစ်စောင် သင့်ကို ပေးရမည်။ ထိုမိတ္တူကို သင် သည် အဖွဲ့ရုံး ၏ဝက်ဘ်ဆိုက်တွင်လည်း ရယူနိုင်ပါသည်။
- သင်က ငွေမပေးချေမီ မည်သည့်ဝန်ဆောင်မှုများအတွက် သင့်အား ငွေတောင်းခံမည့်အကြောင်း ဖော်ပြထားသည့် ဝန်ဆောင်မှုများ၏ စာရင်းကို သင့်ကိုပေးရမည်။
- သင်ပိုင်ဆိုင်သော မည်သည့် စာရွက်စာတမ်းများကိုမဆို သင်က ပြန်တောင်းသည့်နေ့မှ ၇ ရက်အတွင်း သင့်ကို ပြန်ပေးရမည်။
- သင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဌာနတို့ အပြန်အလှန် ဆက်သွယ်မှုပြုသည့် စာရွက်စာတမ်း၊ မှတ်တမ်းများ အားလုံးကို စာရင်းပြုစုထိန်းသိမ်းရမည်။

သင့်အနေနှင့်

- သင့်နိုင်ငံကူးလက်မှတ်များ၊ မွေးစာရင်းများ၊ စသည်တို့၏ မူရင်း စာရွက် စာတမ်းများကို မိမိထံတွင်ထားရမည်။ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာ ကွယ်ရေးဌာနမှ လိုအပ်သော စာရွက်စာတမ်း အများစုကို မိတ္တူများဖြင့် တင်ပြနိုင်သည်။
- သင့် ကိုယ်စားလှယ်နှင့်ဆွေးနွေးချက်များ၊ ညွှန်ကြားချက်များ အားလုံးကို တရားဝင် စာဖြင့် အတည်ပြုရမည်။ အခြားသူတစ်ဦးက ပုံစံကို ဖြည့်ပေးစေကာမူ - လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဌာနသို့ တင်ပြသော အချက်အလက်များအားလုံးအတွက် သင့်မှာတာဝန်ရှိသည်။
- ကိုယ်စားလှယ်၏ဝန်ဆောင်ခတွင် မည်သည့်ဝန်ဆောင်မှုများပါကြောင်းကို သင်သိထားရမည်။ အဖွဲ့ရုံး ၏ဝက်ဘ်ဆိုက်တွင် ကိုယ်စားလှယ်၏ ပျမ်းမျှဝန်ဆောင်ခကို တွေ့နိုင်သည်။

### သင့်ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာလုပ်ငန်းကိုယ်စားလှယ်အပေါ် မကျေနပ်ခြင်းများ

- အကယ်၍ သင် အကြံဉာဏ်လိုအပ်ပါက အဖွဲ့ရုံးကို ဆက်သွယ်ပါ။
- ***အဖွဲ့ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဌာန ထံသို့ မကျေနပ်ချက်တိုင်ကြားခြင်းဖြင့် သင့်ဗီဇာလျှောက်ထားမှုကို မထိခိုက်ပါ။***
- မှတ်ပုံတင်ခြင်းပြုမထားသော ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ အကူအညီ ပေးသူများကို လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဌာန ဖုန်းနံပတ် ၁၈၀၀ ၀၀၉ ၆၂၃ သို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါသည်။
- သင့် ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ်ကို ဆက်ပြီး မသုံးလိုတော့ပါက ပုံစံ ၉၅၆ ၏ အပိုင်း B နှင့် C ကို ဖြည့်စွက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဌာနကို အသိပေးပါ။

### မှတ်ပုံတင်ထားသူဟုတ်မဟုတ်စစ်ဆေးရန် www.mara.gov.au တွင် ကြည့်ပါ။




### ပိုမိုသိကောင်းစရာများ

Office of the Migration Agents Registration Authority:
www.mara.gov.au သို့မဟုတ် 1300 226 272

Department of Immigration and Border Protection
www.immi.gov.au သို့မဟုတ် 131 881

စကားပြန်တစ်ဦးကို ဖုန်းပေါ်မှရရန် ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှုဌာန 131450 သို့ ဆက်ပါ။